ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

# ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သောသတင်းလွှာ ( ၁ /၂၀၁၉ )

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ ၂၁ ရက်

အကြောင်းအရာ။ **အသုံးပြုပြီးစက်ဘီး (Used Bicycle) များအား ၂၀၁၉ ခုနှစ်အတွက် တင်သွင်း ခွင့်ပြုခြင်း**

၁။ ပြည်တွင်းရှိ အခြေခံလူတန်းစားများအနေဖြင့် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာသော ပြည်ပစက်ဘီးအဟောင်းများကို အသုံးပြုနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၃ ခုနှစ်မှစ၍ နှစ်အလိုက် တင်သွင်းခွင့်ပြုခဲ့သော (Used Bicycle) များကို ၂၀၁၉ ခုနှစ်အတွက် ဆက်လက်၍ တင်သွင်းခွင့်ပြုလိုက်သည်။

၂။ အသုံးပြုပြီးစက်ဘီးများ တင်သွင်းရာတွင် ပြည်တွင်း၌ အသုံးပြု၍မရသော စက်ဘီးပစ္စည်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် **"စက်ဘီးအင်္ဂါရပ်နှင့် ပြည့်စုံသော အသင့်အသုံးပြုနိုင်သည့် စက်ဘီး"** များကိုသာ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသုံးပြုပြီးစက်ဘီး (Used Bicycle) တင်သွင်းခွင့်ပြုခြင်းကို ပြည်တွင်းလိုအပ်ချက်ပေါ်မူတည်၍ နှစ်စဉ် ပြန်လည်သုံးသပ် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**